# တဲကြီးကုန်းကျေးရွာ၊ တဲကြီးကုန်းကျေးရွာအုပ်စု၊

# ဇမ္ဗူသီရိမြို့နယ်

## ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

တဲကြီးကုန်းကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | စကားချီ | ၃ |
| ၂။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၄ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ် | ၄ |
| ၄။ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၄ |
| ၅။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၅ |
| ၆။ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၅ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၆ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၇။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံ အဆောက်အဦး | ၇ |
| | (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံ အဆောက်အဦး | ၈ |
| ၈။ | ပညာရေး | ၈ |
| ၉။ | ကျန်းမာရေး | |
| | (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေနေ | ၈ |
| | (ခ) သောက်သုံးရေရှိမှုနှင့် သန့်ရှင်းရေး | ၉ |
| ၁၀။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း | |
| | (က) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း | ၉ |
| | (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း | ၉ |
| ၁၁။ | ကျား/မရေးရာကဏ္ဍကိစ္စရပ်ဆိုင်ရာ | ၁၀ |
| ၁၂။ | ကျေးရွာသယံဇာတပြမြေပုံ | ၁၁ |
| ၁၃။ | ရာသီခွင်ပြပြက္ခဒိန် | ၁၂ |
| ၁၄။ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား | ၁၃ |
| ၁၅။ | ဥစ္စာခနေအဆင့် | ၁၄ |
| ၁၆။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၅ |
| ၁၇။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်း | ၁၆ |
| ၁၈။ | ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၇ – ၁၈ |
| ၁၈။ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) | ၁၉ – ၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ရပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။
ဇန်နဝါရီလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တဲကြီးကုန်းကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ်

## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

တဲကြီးကုန်းကျေးရွာသည် ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အရှေ့လောင်ဂျီကျူ (၉၆ ဒီဂရီ ၁၄ မိနစ်)နှင့် မြောက်လတ္တီကျူ ( ၁၉ ဒီဂရီ ၇၈ မိနစ်)ကြားတွင် တည်ရှိပါသည်။ တဲကြီးကုန်းကျေးရွာ၏ အရှေ့ဘက်တွင် လယ်ယာမြေများနှင့် ရှားတောကျေးရွာ၊ အရှေ့မြောက်ဘက်တွင် လယ်ယာမြေများ၊ နေပြည်တော်ကောင်စီနှင့် ဂုဏ်မင်းအင်း ကျေးရွာ၊ မြောက်ဘက်တွင် လယ်ယာမြေများ၊ ဇမ္ဗူသီရိဆေးရုံနှင့် ရွှေကြာပင်တိုးချဲ့ရပ်ကွက်၊ အနောက်ဘက်တွင် လယ်ယာမြေများနှင့် ရွှေကြာပင်ရပ်ကွက်၊ တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် လယ်ယာမြေများနှင့် မဲထီးကျေးရွာတို့ တည်ရှိပါသည်။ နေပြည်တော်ကောင်စီ လမ်းအနောက်ဘက်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သွားလာရလွယ်ကူပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၏ ရာသီဥတုမှ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး ၃၉.၉°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၁.၇°C ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ (၄၀")ခန့်ရှိပါသည်။

## ၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာတွင် အိမ်ထောင်စု (၂၅၃)စု၌ ကျား(၄၄၆)ဦး၊ မ(၄၇၉)ဦး၊ စုစုပေါင်း လူဦးရေ(၉၂၅)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏(၈၉%) ဖြစ်ပြီး လုပ်သားအင်အားရရှိမှု များပြားပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာ များပြားပါသည်။ အသက်(၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိ လူဦးရေမှာ ကျား(၄)ဦး၊ မ(၁၂)ဦး ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များ ရှိပြီး၊ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားပါသည်။ သို့ပါသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သောအသိအမြင် ဗဟုသုတများအပိုင်း (ဥပမာ– အဖွဲ့အစည်း များဆိုင်ရာ သဘာတရားများတွင် လိုအပ်ချက်များ ရှိနေသေးလျှက်ရှိပါသည်။)

## ၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၀.၁၇%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ (၁၂၅)ကေရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးပြီး၊ အခြားသီးနှံများအနေဖြင့် မတ်ပဲနှင့် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး၊ မိုးရေ(သို့)ဆည်ရေဖြင့် စိုက်ပျိုး ကြပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြေ နည်းပါးခြင်း၊ အလုပ် သမားစရိတ် ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ငွေကြေးအရင်းအနှီးမှုအား SMU စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့မှ အလွယ်တကူရရှိနိုင်ပါသည်။ သီးနှံ အထွက်နှုန်းများတွင် စပါးတစ်ကေအထွက်နှုန်း အများဆုံး(၁၂၀)တင်းဖြစ်ပြီး၊ အခြားသော သီးနှံ ဖြစ်သည့် မတ်ပဲမှာ အများဆုံး(၁၀)တင်းရှိပါသည်။ အခြားသော သီးနှံများ ရောင်းချချိန် တွင် ဈေးကွက် မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ နည်းပါးပါသည်။ အခြေအနေ ကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက် အလုံ အလောက်ရှိပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

### ဇယား(၁၉) တဲကြီးကုန်းကျေးရွာတွင် တိရစ္ဆာန် မွေးမြူထားရှိမှု အခြေအနေ

| စဉ် | ကျေးရွာ | နွား | ကျွဲ | ဝက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | တဲကြီးကုန်း | ၃၇ | ၃၃ | ၉ | |

တဲကြီးကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် အိမ်တွင် မွေးမြူလျှက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ နွားမွေးမြူရေး၊ ကျွဲမွေးမြူရေးနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၃၁%)ခန့်ရှိပါသည်။ မွေးမြူရေးသမားများ အနေဖြင့် မွေးမြူရေးကို တစ်ပိုင်တစ်နိုင် မွေးမြူသော်လည်း နွား/ ကျွဲမွေးမြူရေးလုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ သီးနှံများ ရိတ်သိမ်းပြီးချိန် စိုက်ကွင်းမြေများပေါ်တွင် လွတ်၍ကြောင်းနိုင်ပြီး ကောက်ရိုးနှင့် ရိတ်သိမ်းပြီး ပဲပင်များကို အစာအဖြစ် ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့်နည်းပညာ ဝန်ဆောင်မှုများ လိုအပ်လျှက်ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများမရှိပါ။ အခြား ဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဒေသများရှိ ထုတ်ကုန်လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ အပ်ချုပ် ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျှက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတတ်မြောက်မှုနည်းပါးခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ် နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာ နိုင်ပါ သည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ မြစိမ်းရောင်ကျေးရွာအဖွဲ့လိုက် ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး၊ အတိုးနှုန်းမှာ (၁.၅%)မှ(၂%)ထိ ရှိပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများ ထံမှ ချေးငွေများရှိပြီး၊ အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိသည့်အတွက် ယုံကြည်မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက် မရနိုင်ပါ။ ပုဂ္ဂလိက ငွေတိုး ချေးစားသူများနှင့် အပေါင်ဆိုင်များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင် အတိုးနှုန်း(၅%)မှ(၁၀%)ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလို အပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့် မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး၊ ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိသ လောက်အားနည်းနေဆဲဖြစ်သလို ကျေးရွာနေပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်ပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာတွင် လယ်ယာ ထွက်ကုန်မျာ ထုတ်လုပ်နိုင်ပါက ကျေးရွာနှင့် (၁၀)မိုင်ခန့်ဝေးသော ပျဉ်းမနားမြို့ အဟာရသုခဈေးရှိပြီး၊ ဈေးကွက်အလုံအလောက်ရှိပါသည်။ ကုန်စိမ်းနှင့် သားငါးများကို အာဟာရသုခဈေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော် လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်- မန္တလေးလမ်းဟောင်းနှင့်နီးပြီး၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာတွင်းလမ်းများ၏ စုစုပေါင်း အရှည်မှာ (၁)မိုင်ခန့် ရှည်လျားပြီး ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းနှင့် ရိုစာလမ်းများဖြစ်၍ ရာသီမရွေး သွားလာနိုင်ပါသည်။

### (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံ အဆောက်အဦး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးအား အိမ်ထောင်စုအားလုံး အသုံးပြုလျက်ရှိပါသည်။

### (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံ အဆောက်အဦး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်း၊ Radio, TV စလောင်းများ အများအပြား အသုံးပြုလျှက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာ အနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေး တာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPR, Ooredoo, Telenor, Mytel(4)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်း အချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။

## ၇။ ပညာရေး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် ကျောင်းမရှိသေးပါ၍ ကလေးအများစုမှာ ကျောင်း ပညာရေး ဝန်ဆောင်မှုများကို ရွှေကြာပင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ရယူလျက် ရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရ လူငယ် များ နည်းပါးသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသား အရင်းအမြစ်တစ်ရပ်ပင် ဖြစ်ပါသည်။ လူငယ်များမှ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်း နည်းပညာ အားနည်းခြင်းများကြောင့် သင်တန်းများပို့ချပေးပြီး၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ် ဆောင်ရွက် ပါကဝင်ငွေ အသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေနေ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျန်းမာရေးမကောင်းလျင်ဖြစ်စေ၊ အရေးပေါ်လူနာများ ရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ(၁)မိုင် ခန့်ဝေးသော ဇမ္ဗူသီရိမြို့နယ်ဆေးရုံသို့လည်းကောင်း၊ (၁၀)မိုင်ခန့်အကွာရှိ နေပြည်တော် ကုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြပါသည်။ ကျေးလက် ပြည်သူများအကြား ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးရောဂါများသည် ရာသီ အလိုက် ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှာပေးခြင်း ကမ္ဘာ့ရပ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါ သည်။

### (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများနှင့် အဝီစိစက်တပ်တွင်း သုံးစွဲကြပြီး၊ ကျေးရွာရှိ အိမ်ထောင်စုအားလုံး အတွက်လုံလောက်မှုရှိသော်လည်း မြေအောက် အနက်ပေ(၁၀၀')အောက် တူးဖော်မည်ဆိုပါက သန့်ရှင်းသောသောက်သုံးရေကိုရရှိပြီး၊ SMU စီမံကိန်းဖြင့် ရေသန့်စင်စနစ်ဆောင်ရွက်ထားပြီး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှု(၁၀၀%)ရှိ သဖြင့် ကျေးရွာသူ/ သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် မြေဆီလွှာအနေအထားမှာ ရွှံ့စေးမြေ အမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွန်များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်မားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရစ္ဆာန်များ မရှိပါ။

### (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း ကျရောက် သောကျေးရွာဖြစ်သည့်အလျောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းများ မရှိပါသော်လည်း မြေလျှင်ပြတ်ရွေ့ ကျောပေါ်တွင် တည်ရှိသဖြင့် မကြာခဏ လျှင်ငယ်များ လှုပ်ခတ်မှုရှိပါသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေ ချောမွေ့လျှက်ရှိပါသည်။ မှုခင်းများ ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအား (၁)နှစ်(၁)ကြိမ်ဟောပြော ပြုလုပ်ပေးလျှက်ရှိပါသည်။

## ၁၀။ ကျား/မရေးရာ ကဏ္ဍကိစ္စရပ်ဆိုင်ရာ

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျား/မ ဖြစ်ခြင်းမဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျား/မ တန်းတူ အခွင့်အရေးရှိပါသော် လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခ ရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြား ဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေး ကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေး အပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့ အကြား တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ (၅၀%) သာ ရှိပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများ ဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျားမဆိုင်ရာ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူ ညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။**

## ၁၁။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း**

**နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုဇယား**

**နောက်ဆက်တွဲ ၄။ စီမံချက် အဆိုပြုလွှာများ**

## ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းအုပ်စု၊ တဲကြီးကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ



# ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းအုပ်စု၊ တဲကြီးကုန်းကျေးရွာ၏ ရာသီခွင်စက်ဝန်းပြပုံ



ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ ရာသီခွင်ပြက္ခဒိန်

၂၀၁၇ - ၂၀၁၈ ခု၊ [illegible]

| အချက်အလက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နွေ | နွေ | နွေ | မိုး | မိုး | မိုး | ဆောင်း | ဆောင်း | ဆောင်း | ဆောင်း | နွေ | နွေ |
| အလုပ်အကိုင် | ရှိ | ရှိ | နည်း | များ | များ | ရှိ | ရှိ | များ | များ | နည်း | နည်း | ရှိ |
| ဝင်ငွေရရှိမှု | ရှိ | ရှိ | နည်း | များ | များ | ရှိ | ရှိ | များ | များ | နည်း | နည်း | ရှိ |
| အသုံးစရိတ် | များ | များ | ရှိ | များ | များ | နည်း | ရှိ | များ | များ | နည်း | များ | များ |
| ချေးငွေလိုအပ်မှု | များ | များ | ရှိ | များ | များ | နည်း | ရှိ | များ | များ | နည်း | များ | များ |
| ဝမ်းစာလုံလောက်မှု | ရှိ | ရှိ | နည်း | များ | များ | ရှိ | ရှိ | များ | များ | နည်း | နည်း | ရှိ |
| သောက်သုံးရေရရှိမှု | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် | ပုံမှန် |
| တိရစ္ဆာန်အစာရရှိမှု | ရှိ | ရှိ | နည်း | များ | များ | များ | နည်း | နည်း | နည်း | နည်း | ရှိ | ရှိ |
| တိရစ္ဆာန်ရောဂါကျရောက်မှု | ခွာနာ/လျှာနာ | ခွာနာ/လျှာနာ | | | | | ဝက်တုပ်ကွေးရောဂါ | ဝက်တုပ်ကွေးရောဂါ | | | | |
| ကျန်းမာရေး | ဝမ်းပျက်ဝမ်းလျှော | | | | | | တုပ်ကွေး | တုပ်ကွေး | | | | ဝမ်းပျက်ဝမ်းလျှော |
| သီးနှံပိုးမွှားကျရောက်မှု | | | | | နည်း | | နည်း | | | | | |
| ပွဲတော် | သင်္ကြန် | | | ဝါဆိုသင်္ကန်းကပ် | | | မီးထွန်းပွဲ | ကထိန် | | [illegible] | | |

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းအုပ်စု၊ တဲကြီးကုန်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၏ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## တဲကြီးကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

| စဉ် | အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|---|
| | | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| ၁ | မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| ၂ | အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် | ညံ့ | အလွန်ညံ့ |
| ၃ | ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| ၄ | အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| | အိမ်ထောင်စု | ၄၄ | ၈၀ | ၁၂၉ | |

## ဗမ္မူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၊

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | ဆောင်ရွက်မည့်ဌာန | ဘဏ္ဍာနှစ် |
|---|---|---|---|
| တဲကြီးကုန်းကျေးရွာ- ရွှေကြာပင်ရပ်ကွက်ဆက်သွယ်သောလမ်း (ကုန်ထုတ်လမ်းအမှတ်-၉)ကွန်ကရစ်ခင်းခြင်း | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၂၀၂၃-၂၀၂၄ |
| စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်း | ၂ | စိုက်ပျိုးရေး/ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၂၀၂၄-၂၀၂၅ |
| ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်း | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ၂၀၂၅-၂၀၂၆ |
| အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း (အပ်ချုပ်စက်သင်တန်း) | ၄ | အသေးစားစက်မှုလက်မှုဦးစီးဌာန | ၂၀၂၆-၂၀၂၇ |
| ရွာလယ်လမ်းအုတ်စီရေမြောင်းတည်ဆောက်ခြင်း | ၅ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ) | ၂၀၂၇-၂၀၂၈ |

## ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၊
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်မိုးမိုး | ဦးအေးမောင် | ၉/ပမန(နိုင်)၂၄၈၀၂၈ | (၈)တန်း | ဥက္ကဋ္ဌ | ၀၉-၇၅၁၉၇၀၆၈၃ |
| ၂ | ဦးအောင်ခိုင်ဝင်း | ဦးလှရှိန် | ၉/ပမန(နိုင်)၁၃၀၂၄၇ | (၈)တန်း | ဥက္ကဋ္ဌ (ဝယ်ယူရေး) | ၀၉-၇၉၉၁၅၈၀၇၀ |
| ၃ | ဦးလွင်နိုင် | ဦးအောင်လင်း | ၉/ပမန(နိုင်)၁၂၁၃၅၁ | (၅)တန်း | ဘဏ္ဍာရေးမှူး | ၀၉-၂၅၀၆၉၈၉၁၅ |
| ၄ | ဦးလှမြင့် | ဦးလှရှိန် | ၉/ပမန(နိုင်)၂၄၀၄၈၈ | (၈)တန်း | အတွင်းရေးမှူး | ၀၉-၆၉၃၀၆၆၅၃၃ |
| ၅ | ဦးမျိုးဇော်အောင် | ဦးအောင်ဒင် | ၉/ပမန(နိုင်)၀၅၁၃၉၃ | (၆)တန်း | စာရင်းကိုင် | ၀၉-၂၅၄၁၅၉၀၅၈ |
| ၆ | ဒေါ်တင်နွယ် | ဦးမြသိန်း | ၉/ပမန(နိုင်)၂၀၉၉၄၁ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၄၄၈၅၄၈၁၃၅ |
| ၇ | ဒေါ်စုအိမွန် | ဦးမြဟန် | ၉/ပမန(နိုင်)၀၀၂၀၇၉ | (၆)တန်း | အဖွဲ့ဝင် | ၀၉-၇၉၉၁၈၀၀၅၇ |
| ၈ | ဒေါ်နှင်းအေးကြွယ် | ဦးအောင်သန်း | ၉/ပမန(နိုင်)၂၄၀၆၂၇ | (၅)တန်း | အဖွဲ့ဝင် | - |
| ၉ | ဒေါ်စန်းဝေ | ဦးပေါက်ဖော် | ၉/ပမန(နိုင်)၁၁၇၄၅၆ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၄၄၉၁၈၈၈၁၈ |
| ၁၀ | ဒေါ်ဆွေဇင်မြင့် | ဦးမောင်ကြီး | ၁၂/လကန(နိုင်)၁၇၃၂၂၄ | အထက်တန်းအောင် | သင်တန်းသား | ၀၉-၇၈၂၇၃၀၁၉၉ |
| ၁၁ | ဦးပေါ်ဆန်း | ဦးတင်မောင်ဝင်း | ၉/ပမန(နိုင်)၁၆၀၁၂၀ | ဘွဲ့ရ | သင်တန်းသား | ၀၉-၇၇၇၂၇၅၂၅၂ |

**ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၊**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ပညာသင်ကြားနေသော ကလေးသူငယ်များ မိုးရာသီတွင် ကျောင်းသွားလာရ ခက်ခဲခြင်း | တဲကြီးကုန်းကျေးရွာ – ရွှေကြာပင်ရပ်ကွက် (အမှတ်–၉ ကုန်ထုတ်လမ်း) ရာသီမရွေးသွားလာ၍မရခြင်း | လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်ခြင်း၊ | နည်းပညာနှင့်ငွေကြေးအခက်အခဲရှိခြင်း ။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အကူအညီတင်ပြတောင်းခံခြင်း ။ | တဲကြီးကုန်းကျေး ရွာ – ရွှေကြာပင်ရပ် ကွက် (အမှတ်–၉ ကုန်ထုတ်လမ်း) ကွန်ကရစ်ခင်းခြင်း |
| ၂ | စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများ အကျိုးအမြတ်ရရှိသင့်သလောက်မရရှိခြင်း | နည်းပညာအားနည်းခြင်း | လယ်ယာမြေနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်သူရှိခြင်း | နည်းပညာအားနည်းခြင်း | ဌာနများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | စိုက်ပျိုး မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း |
| ၃ | ကျေးရွာသာယာလှပရေး မကောင်းခြင်း | ရွာလယ်ကတ္တရာလမ်း ပျက်ဆီးနေခြင်း | ကျေးရွာသူ/သားများ စိတ်အားထက်သန်မှုရှိခြင်း၊လုပ်သားအင်အားရရှိနိုင်ခြင်း။ | နည်းပညာနှင့်ငွေကြေးအခက်အခဲရှိခြင်း ။ | သက်ဆိုင်ရာဦးစီးဌာနသို့ အကူအညီတင်ပြတောင်းခံခြင်း ။ | ရွာလယ်လမ်း ကွန်ကရစ်ခင်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | ကျေးရွာရှိ အမျိုးသမီးများ အလုပ်အကိုင်ရရှိမှုနှင့် ဝင်ငွေရရှိမှုနည်းခြင်း | နည်းပညာနှင့် အတက်ပညာ | လူ့စွမ်းအားအရင်းအမြစ် ရရှိနိုင်ခြင်း။ | နည်းပညာနှင့်ငွေကြေး အခက်အခဲရှိခြင်း ။ | သက်ဆိုင်ရာဦးစီးဌာနသို့ အကူအညီတင်ပြတောင်း ခံခြင်း ။ | အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ခြင်း |
| ၅ | မိုးရာသီတွင် ရောဂါဖြစ်ပွားမှုများခြင်းနှင့် ကျေးရွာသာယာလှပမှု မကောင်းခြင်း | မိုးရာသီတွင် ရေစီး/ ရေလာ မကောင်းခြင်း | ကျေးရွာသူ/သားများ စိတ်အားထက်သန်မှု ရှိခြင်း၊လုပ်သား အင်အားရရှိနိုင်ခြင်း။ | နည်းပညာနှင့် ရန်ပုံငွေ လုံလောက်စွာ မရှိခြင်း။ | သက်ဆိုင်ရာဦးစီးဌာနသို့ အကူအညီတင်ပြတောင်း ခံခြင်း | ရွာလမ်းလမ်း အုတ်စီရေမြောင်း တည်ဆောက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၁၉ | ၃၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၃၁ | ၆၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၄၁ | ၇၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၃ | ၃၇၅ | ၇၂၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၁၂ | ၁၆ | | |
| **စုစုပေါင်း** | | ၄၄၆ | **၄၇၉** | **၉၂၅** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၅၃** | | | | |

လေ့လာတွေ့ရှိချက်။ ။တဲကြီးကုန်းကျေးရွာတွင် အလုပ်မလုပ်နိုင်သော သက်ကြီးရွယ်အို၊ ကျောင်းနေအရွယ်၊ နို့စို့အရွယ်မှာ (၂၁%) ရှိပြီး၊ အလုပ်လုပ်ကိုင်သော အရွယ်မှာ (၇၉ %) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၄ | ၆၀ | ၁၀ | ၉ | ၁၅ | ၁၁၆ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၂၉ | ၅၄၃ | ၃၀ | ၄၇ | ၇၅ | | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၈၀ | ၃၂၂ | ၁၂ | ၂၂ | ၂၆ | | မြင့်☐လတ်☑နိမ့်☐ |
| | | ၂၅၃ | ၉၂၅ | ၅၂ | ၇၈ | ၁၁၆ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။တဲကြီးကုန်း ကျေးရွာတွင် ကိုယ်ပိုင်စီးပွားဖြစ် လုပ်ကိုင်နိုင်သော အိမ်ထောင်စုမှာ နည်းပါးပြီး၊ အလုပ်သမား/ နေ့စားဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မိသားစုမှာ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္မန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္မန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀၀ |
| ၃ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူ ဦးရေများပြားသော်လည်း လုပ်ခမှာ ကျားမတန်းတူမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၂၄.၈ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၂ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၂၅ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။တဲကြီးကုန်းကျေးရွာတွင် စားကျက်မြေနှင့် မြေလွတ်မြေလပ် မရှိသဖြင့် လယ်ယာမြေချဲ့ထွင်နိုင်မှုမရှိပါ။

**(ဂ.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (_ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)** |
|---|---|---|---|
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ☐ သင့် ☐ နည်း☑ မရှိ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ရေ- မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ☐ သင့် ☑နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာတွင် ဓါတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ မရှိသဖြင့် ထုတ်ယူသုံးစွဲနိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၄၄ | ၈၀ | ၁၂၉ | |

**ရင်းမြစ် …** (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်း ကျေးရွာတွင် ကျပန်းလုပ်ငန်းဖြင့် မိသားစု စားဝတ်နေရေး ဖြေရှင်း ရပါသဖြင့်၊ မပြေလည်သောအိမ်ထောင်စုမှာ (၅၁ %) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)** |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ဝ | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ဝ<br>လုပ်အားခကြိုယူ = ဝ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၁ | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ဝ<br>လုပ်အားခကြိုယူ = ☑ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂၂ | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ☑<br>လုပ်အားခကြိုယူ = ဝ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဝမ်းစာဖူလုံရေးအတွက် ဖူလုံမှုမရှိ သေးသောသူများ အနေဖြင့် လုပ်ခကိုကြိုယူ၍ ချေးယူခြင်းဖြင့်လည်းကောင်း ဖြေရှင်းလျှက် ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

### ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်း သည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။

## (င.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

### ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | စွမ်းဆောင်နိုင်မှု (ထိခိုက်လွယ်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) |
|---|---|---|---|
| ၁ | လျှော | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂ | အပူလှိုင်း | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၃ | အအေးလှိုင်း | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၄ | မိုးသီးကြွေကျမှု | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၅ | မိုးခေါင်ခြင်း | မြင့်☑ လတ်☐ နိမ့်☐ | မြင့်☑ လတ်☐ နိမ့်☐ |

| စဉ် | ထိခိုက်လွယ်မှုမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | စွမ်းဆောင်နိုင်မှု (ထိခိုက်လွယ်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ |
|---|---|---|---|
| | **လူကြောင့်ဖြစ်သောဘေးအန္တရာယ်များ** | | |
| ၆ | စားနပ်ရိက္ခာမဖူလုံမှု | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ၇ | သဘာဝအရင်းမြစ်ရှားပါးမှု(မြေ၊ရေ) | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၈ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်း | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၉ | ငှက်ဖျားရောဂါ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၁၀ | တီဘီရောဂါ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၄ | ကပ်ရောဂါ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၇ | လူကုန်ကူးခြင်း | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသဖြင့် ဘေးအန္တရာယ်ထိခိုက်မှုအနေဖြင့် ကြီးမားစွာမရှိသော်လည်း ရာသီဥတုအလိုက် သာမန်ဖြစ်ပေါ်တတ်သော ရောဂါများ ထိခိုက်မှုရှိပါသော်လည်း မြို့ပြနှင့်နီးကပ်စွာတည်ရှိခြင်းကြောင့် ကျေးရွာရှိ အဖွဲ့အစည်းများမှာ စည်းလုံးစွာဆောင်ရွက်ခြင်းတို့ကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်လာသော်လည်း တုန့်ပြန်နိုင်စွမ်းကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င. ၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

### ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | စွမ်းဆောင်နိုင်မှု (ထိခိုက်လွယ်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ |
|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၅ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၆ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၇ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့် ☐ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၈ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၉ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၀ | လှည့်လည်သွားလာ၍ စျေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၁ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၂ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ | မြင့် ☑ လတ် ☐ နိမ့် ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | SMUC ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁☑ ၂☐ ၃☐ | ၄ | ၃ | ၇ | ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☑ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑ သင့်☐ ညံ့☐ |
| ၂ | ဘာသာရေးအဖွဲ့ | ၁☑ ၂☐ ၃☐ | ၂ | ၂ | ၄ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑ သင့်☐ ညံ့☐ |
| ၃ | လူမှုရေးအဖွဲ့ | ၁☑ ၂☐ ၃☐ | ၄ | ၄ | ၈ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑ သင့်☐ ညံ့☐ |
| ၄ | လူငယ်အဖွဲ့ | ၁☑ ၂☐ ၃☐ | ၄၅ | - | ၄၅ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑ သင့်☐ ညံ့☐ |
| ၅ | အမျိုးသမီးအဖွဲ့ | ၁☑ ၂☐ ၃☐ | - | ၃ | ၃ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑ သင့်☐ ညံ့☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | တောင်သူ | ၁☑<br>၂☐<br>၃☐ | ၃ | - | ၃ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့်☐<br>ညံ့☐ |
| ၇ | မီးသတ်အဖွဲ့ | ၁☑<br>၂☐<br>၃☐ | ၃<br>၇ | -<br>- | ၃<br>၇ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑<br>သင့်☐<br>ညံ့☐ |
| ၈ | မီးလင်းရေးအဖွဲ့ | ၁☑<br>၂☐<br>၃☐ | ၃<br>၇ | -<br>- | ၃<br>၇ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑<br>သင့်☐<br>ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်း ကျေးရွာတွင်း သက်ဆိုင်ရာလုပ်ငန်းအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(က.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | လျှပ်စစ် | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐<br>၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၂ | မီးသတ် | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ |
| ၃ | စိုက်ပျိုးရေး | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | မွေးကု | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | လဝက | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ |
| ၆ | စိုက်ဘဏ် | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်း ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာပြင်ပရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား(မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၀၉ | ၄၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၉ | ၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၁၀ | ၂ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၅ | ၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | - | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၅၃ | ၅၂ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာသည် လယ်ယာမြေချဲ့ထွင်နိုင်မှုမရှိပါ။ လယ်ယာမြေ ပိုင်ဆိုင်သော အိမ်ထောင်စုမှာ (၁၇%)ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု: တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | ရေရရှိနိုင်မှု: လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေး ရန်) | ရေရရှိနိုင်မှု: လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|
| ၁ | ဆည် | ၁၂၄.၈၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑<br>မဖြေဆိုပါ ☐ | ရှိ ☑မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☑ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာသည် ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးရေအား မိုးကောင်းသောက်နှင့် ငလိုက်ဆည်မှ ရေအားကို အဓိကထား ဆောင်ရွက် လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခု ကို သာ ရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | | | |
| စပါး | ၁၂၄.၈၀ | တင်း | ၈၀ | ၁၂၀ | ၁၀၀ | မိုးနှင့် နွေ | | မြင့်☐လတ်☐ နိမ့် ☑ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ |
| မတ်ပဲ | ၈၀ | တင်း | ၈ | ၁၀ | ၉ | ဆောင်း | | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐လတ်☐ နိမ့်☑ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တဲကြီးကုန်းကျေးရွာသည် စပါးအား မိုးရာသီနှင့် နွေရာသီတို့တွင် စိုက်ပျိုးပြီး၊ မတ်ပဲအား ဆောင်းရာသီတွင် စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | ၂ | | ၄၄ |
| ရိတ်သိမ်းခြွေလှေ့ စက် | ၀ | | | ၄၄ |
| ရိတ်သိမ်းစက် | ၀ | | | ၄၄ |
| ခြွေလှေ့စက် | ၁ | | | ၄၄ |
| ရေစုပ်စက် | ၀ | | | ၄၄ |
| မြက်ရိတ်စက် | ၁ | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

